ဤ PDS ဘာသာပြန်သည် ဩဂုတ်လ ၁၄ ရက် ၂၀၁၅ ရက်စွဲပါ အင်္ဂလိပ်ဘာသာမူရင်းကို အခြေခံသည်။

ASIAN DEVELOPMENT BANK

# မြန်မာ- နိုင်ငံအဝှမ်း ဆက်သွယ်ရေးလုပ်ငန်းများစီမံကိန်း

<table>
<tr><td>စီမံကိန်းအမည်</td><td>နိုင်ငံအဝှမ်း ဆက်သွယ်ရေးလုပ်ငန်းများစီမံကိန်း</td></tr>
<tr><td>စီမံကိန်းအမှတ်စဉ်</td><td>49116-001</td></tr>
<tr><td>ချေးငှားသူ/ကုမ္ပဏီ</td><td>အူရီဒူး မြန်မာလီမိတက်</td></tr>
<tr><td>နိုင်ငံ</td><td>မြန်မာ</td></tr>
<tr><td>တည်နေရာ</td><td></td></tr>
<tr><td>အတည်ပြုချက်အမှတ်</td><td>LN7280-01, BL-0061</td></tr>
<tr><td>အထောက်အပံ့ အမျိုးအစားသို့မဟုတ် နည်းလမ်း</td><td><table>
<tr><td>BL-0061</td><td>ဖြည့်စွက် ငွေကြေးထောက်ပံ့မှု အစီအစဉ်</td><td>အမေရိကန် ဒေါ်လာ ၃၀၀.၀၀ သန်း</td><td>အတည်ပြုပြီး</td></tr>
<tr><td>LN7280-01</td><td>ချေးငွေ</td><td>အမေရိကန် ဒေါ်လာ၁၅၀.၀၀ သန်း</td><td>အတည်ပြုပြီး</td></tr>
</table></td></tr>
<tr><td>ဗျူဟာမြောက် လုပ်ငန်းစဉ်များ</td><td>သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသော ရေရှည်တည်တံ့နိုင်သည့်တိုးတက်မှု<br>အားလုံးအတွက် အကျုံးဝင်မည့် ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု</td></tr>
<tr><td>ပြောင်းလဲစေသော အရာများ</td><td>ကျားမသာတူညီမျှမှုနှင့် ယင်းကို ထည့်သွင်းစဉ်းစားဆောင်ရွက်မှု၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးမှု</td></tr>
<tr><td>ကဏ္ဍ/ကဏ္ဍခွဲ</td><td>သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာ - ICTလုပ်ငန်းများ နှင့် ICT ကြောင့် ဖြစ်စွမ်းစေသည့် ဝန်ဆောင်မှုများ</td></tr>
<tr><td>ကျား/မသာတူညီမျှရှိမှုနှင့် ယင်းကို ထည့်သွင်းစဉ်းစားထားခြင်း</td><td>ကျား/မသာတူညီမျှမှုကို အကျိုးသက်ရောက်မှုရှိရှိ ထည့်သွင်းစဉ်စား ဆောင်ရွက် ထားမှု</td></tr>
<tr><td>တာဝန်ခံ ADB ဌာန</td><td>ပုဂ္ဂလိက ကဏ္ဍ လုပ်ငန်းလည်ပတ်မှုများဌာန</td></tr>
</table>

| | |
|---|---|
| **တာဝန်ခံ ADB ဌာနခွဲ** | အခြေခံအဆောက်အအုံဘဏ္ဍာရေးဌာနခွဲ ၂ |
| **တာဝန်ခံ ADB အရာရှိ** | Robert Lockhart |
| **စီမံကိန်းကမကထပြုသူ(များ)** | OOREDOO Q.S.C. |
| **ရည်မှန်းချက် နှင့် အတိုင်းအတာ** | ဤစီမံကိန်းတွင် နေရာအတည်တကျ/ရွှေ့ပြောင်း သုံးစွဲနိုင်သော ဆက်သွယ်ရေး ဝန်ဆောင်မှုများ၊ အင်တာနက် ဝန်ဆောင်မှုများ (အားလုံးနှင့်ဆိုင်သောလိုင်စင် ကဲ့သို့) စသည့် ဝန်ဆောင်မှုမျိုးစုံကို သုံးစွဲရရှိစေမည့် နိုင်ငံအဝှမ်း ဆက်သွယ်ရေး လုပ်ငန်းများဆိုင်ရာ အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်မှု ပါဝင်သည်။<br><br>အစိုးရသည် နိုင်ငံတကာအဆင့် ပွင့်လင်းမြင်သာပြီး အများနှင့်ယှဉ်ပြိုင်ရသော လေလံဆွဲခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီး ၁၅+၁၀ နှစ် လုပ်ငန်းလည်ပတ်ခြင်း နှင့် လုပ်ငန်းနှင့် ဆက်နွယ်သော အသံလွှင့်လှိုင်း အသုံးပြုမှုဆိုင်ရာ လိုင်စင် ၂ ခုအနက် ၁ ခုကို အူရီဒူးသို့ တည်ဆောက်၊ပိုင်ဆိုင် နှင့် လုပ်ငန်း လည်ပတ် အခြေခံဖြင့် ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၁၀% အောက် လျော့နည်းသော အရေအတွက်သာ ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှု ရှိသည်ဖြစ်ရာ ယင်းမှာ ADB ၏ ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများအနက် အနိမ့်ဆုံး လွှမ်းခြုံမှုနှုန်း ဖြစ်သည်။ စီမံကိန်းသည် ၅ နှစ်အတွင်း ပထဝီဒေသဆိုင်ရာ လွှမ်းခြုံမှုကို ၈၀% ကျော် တိုးမြှင့်ပြီးကျေးလက်နှင့်မြို့ပြနယ်ပယ် အားလုံးတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများကိုအများပြည်သူလက်လှမ်းမီသော ဈေးနှုန်းများဖြင့် ရရှိရန် ဆောင်ရွက်ပါမည်။ |
| **နိုင်ငံ/ဒေသဆိုင်ရာ ဗျူဟာနှင့် ချိတ်ဆက်မှု** | နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်မှု ယာယီဗျူဟာ ၂၀၁၂-၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံရှိစီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ရန်ကူညီနိုင်မည့် အစီအစဉ် နယ်ပယ် သုံးခုမှ တစ်ခုအဖြစ် လက်လှမ်းမီသုံးစွဲနိုင်မှုနှင့် ဆက်သွယ်ချိတ်ဆက် နိုင်မှု ရရှိခြင်းကိုအလေးအနက်ထားသည်။ မဟာဗျူဟာ ၂၀၂၀ ခုနှစ်တွင် ADB ၏ အခြေခံအဆောက်အအုံဆိုင်ရာ အထောက်အပံ့လုပ်ငန်းများသည် ပုဂ္ဂလိက ကဏ္ဍနှင့် လက်တွဲလုပ်ကိုင်မှု၊ ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှုတွင် ရင်းနှီး မြှုပ်နှံမှုနှင့် အထူးသဖြင့် ကျေးလက်ဒေသများတွင် အားလုံးအတွက် အကျုံးဝင် သော ဘက်စုံ တိုးတက်မှုကို အလေးအနက်ထားသည်။ စီမံကိန်းသည် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်မှုဗျူဟာနှင့် ချိန်ညှိထားပြီး အရေးပါသော ကိစ္စဖြစ်သည့် ဆက်သွယ်ချိတ်ဆက်မှုမရရှိနိုင်ခြင်းကိုကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အပံ့ဖြစ်စေမည်။ ယင်းမှတဆင့် ဈေးကွက်နှင့် အခြေခံ လူမှု ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ခြင်းကိုမြှင့်တင်ခြင်း၊ ထုတ်ကုန်နှင့် ဝင်ငွေ တိုးမြှင့် နိုင်ရန် ကျေးလက်အခြေခံအဆောက်အအုံများအဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်း ဆောင်ရွက်မှုကုန်ကျစရိတ်များလျော့ချပေးခြင်း၊ ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့် အလမ်း ကောင်းများဖန်တီးခြင်း၊ |

| | |
|---|---|
| | မြန်မာနိုင်ငံတွင် စိတ်ချယုံကြည်ရပြီး ရေရှည် တည်တံ့ နိုင်သော အသုံးပြုဖွယ် ဝန်ဆောင်မှုများကိုလက်လှမ်းမီအသုံးချနိုင်မှု တိုးတက် လာစေမည် ဖြစ်သည်။ စီမံကိန်းသည် အားလုံးပါဝင်နိုင်သောတိုးတက်မှု နှင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များကြားတွင် ညီမျှသောတိုးတက်မှုအပေါ် အာရုံစူးစိုက်ကာ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (NDP) နှင့် လည်း ကိုက်ညီမှုရှိသည်။ |
| **ဖွံ့ဖြိုးမှု ရည်မှန်းချက်များအဆင့် အတန်း** | |
| **လုပ်ငန်းလည်ပတ်မှု/တည် ဆောက်မှု အဆင့်အတန်း** | |
| **ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြောင်းလဲမှုများ** | |

| **ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ အမျိုးအစားများ** | |
|---|---|
| သဘာဝပတ်ဝန်းကျင် | B |
| မိမိဆန္ဒအလျောက်မဟုတ်ဘဲရွှေ့ပြောင်းနေရာချထားခံရခြင်း | C |
| ဌာနေတိုင်းရင်းသားများ | C |

| **သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာရှုထောင့်များအကျဉ်းချုပ်** | |
|---|---|
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်များ | ၁။ ဆင်းရဲနွမ်းပါးမှု နှင့် လူမှုရေးဆိုင်ရာ အဓိကကိစ္စရပ်များ<br>မြန်မာနိုင်ငံသည် ဆက်သွယ်ရေးနှင့် နည်းပညာဆိုင်ရာဉ်ကမ္ဘာပေါ်တွင် ချိတ်ဆက်ထားမှု အနိမ့်ဆုံး နိုင်ငံများမှ တစ်ခုအဖြစ် ရှိနေသေးသည်။၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံရှိမိုဘိုင်းဖုန်းသုံးစွဲမှုသည် ၁၁% ခန့်မှန်းခြေရှိပြီးကမ္ဘာပေါ်တွင် အနိမ့်ဆုံးအနက် တစ်ခုဖြစ်သည်။ ပို၍ကောင်းမွန်သောဆက်သွယ်ရေးအခြေခံအဆောက်အအုံသည် အကျိုးဖြစ်ထွန်းမှု နည်းပါးသောကဏ္ဍများမှ ပုဂ္ဂိုလ်များကိုမိုဘိုင်းအသုံးပြုမှု မြှင့်တင်ခြင်းနှင့် ကဏ္ဍအများအပြား၏ အကျိုး ဖြစ်ထွန်းမှုကို မြှင့်တင်ခြင်းတို့ဖြင့် ရေရှည်တည်တံ့နိုင်သောစီးပွားရေးတိုးတက်မှုကိုအထောက်အကူပြုသည်။တစ်နိုင်ငံလုံး အတိုင်းအတာမိုဘိုင်းကွန်ရက်သည် အားလုံးအကျုံးဝင်ပါဝင်နိုင်စေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်ဝေးလံသောဒေသများရှိ ပြည်သူများဈေးကွက် လက်လှမ်းမီစေပြီးဈေးကွက် ညှံ့ဖျင်းမှုကိုဖယ်ရှားပြီးယင်းတို့အတွက် လူမှုဖူလုံရေး ကောင်းကျိုးများရရှိစေမည့် အခြားအကျိုးစီးပွားဖြစ်စေမည့် အခွင့်အလမ်းများ ရရှိသောကြောင့်ဖြစ်သည်။မိုဘိုင်းထိုးဖောက်ခြင်းတွင် ၁၀% တိုးခြင်းသည် ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုကို ၁.၂% တိုးတက် စေလိမ့်မည်ဟု ခန့်မှန်းထားသည်။တယ်လီကွန်းဝန်ဆောင်မှုများကိုတတ်စွမ်းနိုင်သည့် |

| | |
|---|---|
| | အတိုင်းအတာသည် နွမ်းပါးသူများကို လက်လှမ်းမမီစေသော အဓိက အဟန့်အတားဖြစ်သည်။ စီမံကိန်းသည် ၂၀၂၀ တွင် လူဦးရေ၏ ၉၀%ကျော် ကိုလွှမ်းခြုံနိုင်ရန် ရည်ရွယ်ပြီးယင်းမှတဆင့် တယ်လီကွန်း ဝန်ဆောင်မှု များကိုကျေးလက် နှင့် မြို့ပြ နယ်ပယ်များအားလုံးတွင် ရရှိရန် ပြုလုပ်သည်။<br><br>၂။ အကျိုးကျေးဇူးရရှိခံစားသူများ<br>စီမံကိန်း (အူရီဒူး မြန်မာလီမိတက်မှ တစ်နိုင်ငံလုံးအတိုင်းအတာ ဆက်သွယ်ရေး ကွန်ရက် ပေါ်ပေါက်ခြင်း) သည် တယ်လီကွန်းဝန်ဆောင်မှုများရရှိနိုင်မှု၊ တတ်စွမ်းနိုင်မှု၊ အရည်အသွေးစသည်တို့ကိုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြင့်တက်စေပြီး မြန်မာနိုင်ငံသားအားလုံးတို့ကိုအကျိုးကျေးဇူးဖြစ်ထွန်းစေလိမ့်မည်။ယင်းမှတဆင့် ပိုမိုကြီးမားကျယ်ပြန့်သောရေရှည်တည်တံ့နိုင်သည့် လူမှုစီးပွားတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးတို့ကို ဖြစ်စေလိမ့်မည်။ တတိယမျိုးဆက် (3G) မိုဘိုင်းဝန်ဆောင်မှုများမိတ်ဆက်ခြင်း နှင့် အင်တာနက် အကြောင်းအရာနှင့် အသုံးချမှုများသို့ ပိုမိုကျယ်ပြန့်သောလက်လှမ်းမီမှုသည် ကျေးလက် နေထိုင်သူများ သတင်းအချက်အလက် မရရှိနိုင်ခြင်းကိုလျော့ကျစေမည် ဖြစ်ပြီးကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေး နှင့် စီးပွားရေးအခွင့်အလမ်းများသို့ လက်လှမ်းမီမှု တိုးတက် စေခြင်းဖြင့် ယင်းတို့၏ ဘဝများကို ကြွယ်ဝစေလိမ့်မည်။ စီမံကိန်းသည် အမျိုးသမီး များအထူးသဖြင့် ကျေးလက်ဒေသများရှိ အမျိုးသမီးများကို မိုဘိုင်း နှင့် အင်တာနက် ဝန်ဆောင်မှုများလက်လှမ်းမီမှု တိုးတက်စေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံရှိ ကျား/မဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာကွာဟမှုကိုလည်းပညာရေး၊ တိုးတက်စေခြင်း နှင့် အလုပ်ခန့်အပ်မှုတို့မှတဆင့် ပေါင်းကူးရန် အကူအညီ ပေးလိမ့်မည်။<br><br>၃။ အကျိုးသက်ရောက်သည့် လမ်းကြောင်းများ<br>နိုင်ငံအနှံ့ရှိအရည်အသွေးကောင်းမွန်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုများမှ ရလဒ်ဖြစ်သည့် လူမှုစီးပွားရေးအကျိုးကျေးဇူးများအပြင် စီမံကိန်းသည် ပတ်ဝန်းကျင် နယ်ပယ်များရှိ ပြည်သူများ၏ ဝင်ငွေ တိုးတက်စေရန် ကူညီခြင်းဖြင့် အလုပ်အကိုင် ဖော်ထုတ်ရေးကိုတိုက်ရိုက် (တည်ဆောက်စဉ် နှင့် လုပ်ငန်းလည်ပတ်စဉ်) နှင့် သွယ်ဝိုက်ပြီးအထောက်အကူဖြစ်စေလိမ့်မည်။<br><br>၄။ အခြားလူမှုရေးဆိုင်ရာ နှင့် ဆင်းရဲနွမ်းပါးမှု ကိစ္စရပ်များ (မရှိ)။<br><br>၅။ စီမံကိန်းပုံစံဆိုင်ရာများ။<br>ဆင်းရဲနွမ်းပါးမှု နှင့် လူမှုရေးဆိုင်ရာရှုထောင့်များနှင့် ဆက်နွယ်နေသောစွမ်းဆောင်မှု ရည်မှန်းချက်များ နှင့် အညွှန်းကိန်းများကိုစီမံကိန်းပုံစံတွင် ပေါင်းစည်းထားပြီးပုံစံ နှင့် စောင့်ကြည့်ခြင်းမူဘောင်တွင် တင်ပြထားသည်။ |
| မိမိဆန္ဒအလျောက် မဟုတ်ပဲ ပြန်လည်နေရာချထားခံရမှု | မိမိဆန္ဒအလျောက်မဟုတ်ပဲ ပြန်လည်နေရာချထားခံရခြင်း ဆိုင်ရာ သက်ရောက်မှု များရှိမည်ဟု ထင်မြင်မှုမရှိပါ။ |
| ဌာနေတိုင်းရင်းသားများ | ဌာနေတိုင်းရင်းသားများ၏ မြေယာများရယူခြင်းသို့မဟုတ် ယင်းတို့ ထိခိုက် ခံစားရမှု မှုများရှိမည်ဟု ထင်မြင်မှုမရှိပါ။ |

| | |
|---|---|
| အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများ နှင့်ဆက်ဆံခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း နှင့် ဆွေးနွေးတိုင်ပင်ခြင်း | အဓိကအကျိုးစီးပွားပတ်သက်ဆက်နွယ်သူများတွင် ဆက်သွယ်ရေး အခြေခံအဆောက်အအုံတိုးတက်မှုမှ အကျိုးကျေးဇူးရရှိမည့် မြန်မာနိုင်ငံတွင်းနေထိုင်သူများ၊ သက်ဆိုင်သောအစိုးရရုံးများ၊ အလားအလာရှိသော တယ်လီကွန်း ဝန်ဆောင်မှုပေးသူများပါဝင်သည်။ချေးငှားသူသည် အကျိုးစီးပွားပတ်သက် ဆက်နွယ်သူများ၊ သက်ရောက်ခံရသောလူ့အဖွဲ့အစည်းများ နှင့် ထိတွေ့ဆက်ဆံခြင်းအတွက် လုပ်ထုံးလုပ်နည်းများကိုတည်ထောင်လိမ့်မည်။ အကျိုးစီးပွားပတ်သက် ဆက်နွယ်သူများ ထိတွေ့ဆက်ဆံမှု လုပ်ထုံးလုပ်နည်းသည် အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများ အားလုံးကိုသတင်းအချက်အလက်များပေးပြီးယင်းတို့၏ အမြင်များကို ထည့်သွင်းစဉ်းစားကြောင်းသေချာစေလိမ့်မည်။ |

| အထောက်အပံ့ ပုံစံ၊ လုပ်ငန်းစဉ် လုပ်ဆောင်ခြင်း နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် အချိန်ဇယား | |
|---|---|
| ခွင့်ပြုခြင်း | ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက် |
| ကြိုတင်လေ့လာဆန်းစစ်မှု လုပ်ငန်းစဉ် | |
| ချေးငွေ ကော်မတီအစည်းအဝေး | ၂၀၁၅ခုနှစ် ဧပြီလ ၂၇ ရက် |
| အတည်ပြုခြင်း | ၂၀၁၅ခုနှစ် ဇွန်လ ၃၀ ရက် |
| နောက်ဆုံး PDS ရက်စွဲ | ၂၀၁၅ခုနှစ် ဇွန်လ ၂၄ ရက် |

| | |
|---|---|
| စီမံကိန်းစာမျက်နှာ | http://www.adb.org/projects/49116-001/main |
| သတင်းအချက်အလက် တောင်းဆိုရန် | http://www.adb.org/forms/request-information-form?subject=49116-001 |
| ထုတ်ပေးသည့် ရက်စွဲ | ၂၀၁၅ခုနှစ် ဩဂုတ်လ ၁၄ ရက် |

စီမံကိန်းအချက်အလက် သတင်းလွှာ (PDS) တွင် စီမံကိန်းသို့မဟုတ် အစီအစဉ်တို့၏ သတင်းအချက်အလက် အကျဉ်းချုပ်ပါဝင်သည်။ PDS ကိုယ်တိုင်သည် လုပ်ဆောင်ဆဲလုပ်ငန်းစဉ်တစ်ခု ဖြစ်သောကြောင့် ကနဦးပိုင်းသတင်းလွှာတွင် အချို့သောအချက်အလက်များ ပါဝင်မည်မဟုတ်ဘဲ ယင်းအချက်အလက်များရရှိလာသည့်အခါ သတင်းလွှာတွင် ထပ်မံဖြည့်စွက်သွားမည်ဖြစ်သည်။ အဆိုပြုထားသော စီမံကိန်းများအတွက် ဖော်ပြသော သတင်းအချက်အလက်များသည် ပြောင်းလဲနိုင်ပြီး အညွှန်းသဘောဖြစ်ပါသည်။

ADBသည် ဤစီမံကိန်းအချက်အလက်သတင်းလွှာ(PDS)တွင် ပါဝင်သော သတင်းအချက်အလက်ကို မည်သည့် အာမခံချက်မျှ မပါဘဲ အရင်းအမြစ်အဖြစ်သာ အသုံးပြုသူများကို ပေးသည်။ ADB သည် အရည်အသွေးမြင့်မားသော သတင်းအချက်အလက်အကြောင်းအရာပေးရန် ကြိုးပမ်းလျက်ရှိရာတွင် ကုန်သွယ်မှု၏ ကန့်သတ်ခြင်းအာမခံချက်များ၊ သီးခြားရည်ရွယ်ချက်တစ်ခုအတွက် သင့်တော်စေခြင်းနှင့် ချိုးဖောက်မှုမရှိခြင်းအပါအဝင် ဖော်ပြသည်ဖြစ်စေ ရည်ညွှန်းသည်ဖြစ်စေ မည်သည့်အာမခံချက် အမျိုးအစားမျှ မပါဝင်ဘဲ "အရှိအတိုင်း" ဖော်ပြထားသည်။ ပေးထားသော သတင်း အချက်အလက်များ၏ တိကျမှု သို့မဟုတ် ပြည့်စုံမှုကို ADB သည် မည်သည့် အာမခံခြင်း သို့မဟုတ် ကိုယ်စားပြုခြင်းမှ ပြုလုပ်ခြင်းမရှိပါ။